ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ၃၀-၅-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာစိုင်းဆိုင်ကျော့်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းစိုး(ခ) သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ကုသနေပါသည်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဆေးရုံတက်ရောက်ကုသနေပါသည်။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၁၀)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။**　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြား

သဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်မြောင်ကိုပိတ်၍ တစ်ဖက်ပိတ်ဆည် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်မြောင်ကိုပိတ်၍ တစ်ဖက်ပိတ်ဆည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ပဲ နှုတ်ခွန်းဆက်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်မြောင်ကိုပိတ်၍ တစ်ဖက်ပိတ်ဆည် ပြုလုပ်ပေးရန် ပြည်ထောင်စုအစိုးရကို အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ အဓိက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။ အဓိက စိုက်ပျိုးရေးမှာ ရေချိုအရင်းအမြစ်ရရှိရန် အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို ကျွန်တော် မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကျေးရွာအုပ်စု၊ ဆင်အိုင်ကျေးရွာဟာ ပိန္နဲချောင်းတောင်တန်းနှင့် ဆင်တက်မော်မြစ်ကြားတွင် တည်ရှိပါတယ်။ ရွာ၏ပတ်ဝန်းကျင်တွင်လည်း ကျေးရွာများစွာတည်ရှိနေကြပါတယ်။ ဒါ့ကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်စားသောက်နိုင်ရန် များစွာအကျိုးရှိမှာလည်းဖြစ်ပါတယ်။ တစ်ချို့သောကျေးရွာများဟာ ဆောင်းသီးနှံများကို သဘာဝကို အားကိုးအားထားပြုပြီး အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်စားသောက်နေကြရပါတယ်။ ဆင်အိုင်မြောင်ကို တစ်ဖက်ပိတ်ဆည်ဖို့လိုက်ပါက ကျေးရွာမြောက်များစွာ ဖွံ့ဖြိုးတိုးတက် လာနိုင်မှာပဲဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အထူးတင်ပြလိုသည်မှာ ဆင်အိုင်ကျေးရွာ တစ်ဖက်ပိတ်ဆည်ဖို့ပါက ကိုက်(၅၀၀)ခန့်အကွာရှိတဲ့ ဆင်အိုင်မြောင်ကို ပိတ်၍ တစ်ဖက်ပိတ်ဆည် ပြုလုပ်နိုင်ခြင်းပဲဖြစ်ပါတယ်။ အဆိုပါ ချောင်းအရှည်မှာ (၁)မိုင်ကျော်ခန့်ရှိပြီး တောင်ကြောတစ်လျှောက်ပဲဖြစ်ပါတယ်။ ဆည်ဝအနံအကျယ်မှာ ပေ(၂၀၀)ခန့်ရှိပြီး တစ်ဖက်ပိတ်ဆည်ဖို့ပါက ရေအနက်(၅၀)ပေခန့်အထိ ရေသိုလှောင်နိုင်မှာဖြစ်ပါတယ်။ ဒီဆည်ကို ဆည်ဖို့၍ ရေလှောင်ခြင်းဖြင့် သောက်သုံးရေသာမက ဥယျာဉ်ခြံမြေ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်သော လယ်မြေနှင့် ကျွဲ၊ နွားများ သောက်သုံးရေအတွက်တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ ပေးဝေနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ပတ်ဝန်းကျင် ကျေးရွာများအတွက် ရေရှည်လူမှုဘဝများစွာ ဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားစေရန် ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးရှိ ဆင်အိုင်မြောင်ကိုပိတ်၍ တစ်ဖက်ပိတ်ဆည် ပြုလုပ်

ပေးရန် ပြည်ထောင်စုအစိုးရကို အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာရှိ တိမ်နေသောရေကန်ကို ပြန်လည်တူးဖော်ပေးနိုင်ရန် အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာရှိ တိမ်နေသော ရေကန်ကို ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် လာမည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်များ တိုင်းရင်းသားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေ ကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် ကြယ်ပွင့်ပြ မေးခွန်းကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာရှိ တိမ်နေ သော ရေကန်ကို ပြန်လည်တူးဖော် ပေးနိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာအုပ်စု၊ မော့ကနင်ကျေးရွာဟာ လူဦးရေ (၁၉၀၀၀)ခန့်နေထိုင်ကြပြီး အိမ်ခြေစုစုပေါင်း (၃၀၀၀)ခန့်ရှိပါတယ်။ ရွာ၏မြောက်ဖက်ပိုင်းဘောလုံးကွင်းဘေးမှာ အလျား(၂၅၇၇)ပေ၊ အနံ(၅၅၇)ပေ၊ ဧရိယာ(၈.၂၃)ဧက အကျယ်အဝန်းရှိတဲ့ ရေကန်ကြီးတစ်ကန် တည်ရှိပါတယ်။ မိုးရာသီမှာ ရွာသွန်းတဲ့ မိုးရေကို စုစည်းစေတဲ့ ရေလှောင်ကန် တစ်ကန်လည်းဖြစ်ပါတယ်။ အဆိုပါ ရေလှောင်ကန် တည်ရှိနေ မှုကြောင့် ကျေးရွာသူ၊ ကျေးရွာသားများရဲ့ နေအိမ်များရှိ ရေတွင်းများ သောက်သုံးရေ ခမ်းခြောက်ခြင်း မရှိဘဲ တစ်နှစ်ပတ်လုံး ဖူလုံစွာခပ်ယူသုံးစွဲနိုင်ခြင်း၊ ရိုးရာလှေပြိုင်ပွဲများ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ် ပေးနိုင်ခြင်း၊ နွေရာသီတွင် ကျေးရွာမီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အထောက်အကူပြုလုပ် နိုင်ခြင်း အစရှိသဖြင့် ကျေးရွာအတွက် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများစွာ ပေးအပ်နိုင်ခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၀၀)ခန့်ကတည်းက တည်ရှိခဲ့တဲ့ အဆိုပါ မော့ကနင်ရေလှောင် ကန်ကြီးဟာ နှစ်ကာလကြာမြင့်လာတာနှင့်အမျှ ရေများတဖြည်းဖြည်း လျော့ကျလာခဲ့ပါတယ်။ အထူး သဖြင့် မိုးရာသီကာလများမှာ ဘေးပတ်လည် ဝန်းကျင်မှာရှိတဲ့ ရေများ၊ အမှိုက်များ၊ သဲများဟာ ရေကန် အတွင်းကို နှစ်စဉ်စီးဝင်လာမှုကြောင့် ရေကန်ဟာ တဖြည်းဖြည်းတိမ်လာပြီးတော့ ရေထိန်းသိမ်းနိုင်မှု

ပမာဏလျော့ကျလာတဲ့အတွက် အချို့နှစ်များတွေမှာ နွေရာသီမှာရေခမ်းခြောက်တဲ့အန္တရာယ်၊ အခြေအနေများနှင့် ကြုံတွေ့လာနေရပါတယ်။ ထို့ကြောင့် မော်ကနင်ကျေးရွာသူ၊ ကျေးရွာသားများရဲ့ လူမှုဘဝအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် တိမ်နေသောရေကန်ကို ပြန်လည်တူးဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးထားမှုများအား ပြန်လည်စိစစ် စစ်ဆေးရန် အစီအစဉ် ရှိ/မရှိနှင့် တရားမဝင်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရယူပြီး စိုက်ပျိုးစရိတ်ချေးငွေ အလွဲသုံးစားပြု ထုတ်ယူနေမှုများအား ထိရောက်စွာ အရေးယူ အပြစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးထားမှုများအား ပြန်လည်စိစစ် စစ်ဆေးရန် အစီအစဉ် ရှိ/မရှိနှင့် တရားမဝင်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရယူပြီး စိုက်ပျိုးစရိတ်ချေးငွေ အလွဲသုံးစားပြု ထုတ်ယူနေမှုများအား ထိရောက်စွာ အရေးယူအပြစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၁၃ ခုနှစ်မှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးခဲ့တာတွေရှိပါတယ်။ အဲဒီလို ထုတ်ပေးတဲ့ဖြစ်စဉ်မှာ ငွေကြေးအင်အားမလုံလောက်တာ၊ လူအင်အားမလုံလောက်တာ၊ အချိန်တိုအတွင်းမှာ အဆောတလျင်ဆောင်ရွက်တဲ့အတွက် လိုအပ်ချက် တွေရှိနေတယ်ဆိုတာကို တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းပြီးတဲ့နောက် ကျွန်တော် သိရှိခဲ့ရပါတယ်။ အဲဒီရဲ့နောက်ဆက်တွဲ အကျိုးဆက် ဖြစ်တည်နေတဲ့ကိစ္စတွေကလည်း တော်တော်များပါတယ်။

ပထမတစ်ချက်ကတော့ ကွင်းအမည် ဧရိယာတူစွာနှင့် (ပုံစံ-၇)တွေ တစ်စောင်ထက်မနည်း ထပ်ပြီးတော့ထုတ်ထားတဲ့ ကိစ္စတွေပါ။ အဲဒီနေရာမှာ ဧရိယာအပြည့်ထပ်တာရှိသလို တစ်စိတ်တစ်ပိုင်းထပ်တဲ့ကိစ္စတွေလည်းရှိပါတယ်။ နောက်တစ်ခါ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနှင့် ဘဏ်ကော်မတီတို့ အဆင့်ဆင့်ပူးပေါင်းပြီးတော့ ယာမြေကို လယ်မြေဆိုပြီးတော့ (ပုံစံ-၇)ထုတ်ပေးထားတာတွေလည်းရှိပါတယ်။ နောက်တစ်ခါ လယ်ယာမြေလုံးဝပိုင်ဆိုင်မှုမရှိဘဲ လယ်ယာမြေတစ်ကွက်မှ၊ (၁)ဧကမှ ပိုင်ဆိုင်မှုမရှိဘဲနှင့် (ပုံစံ-၇) ထုတ်ပေးထားတာတွေလည်းရှိပါတယ်။ နောက်တစ်ခုက ဘယ်တုန်းကမှလည်း ဒီမြေနှင့်မသက်ဆိုင်ခဲ့ဘူး စိုက်ပျိုးလုပ်ကိုင်မှုလည်း မရှိခဲ့ဘူး။ အခုလည်းမစိုက်ဘူး။ နောက်လည်း စိုက်မှာ

မဟုတ်ဘူး။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေက အစဉ်တစ်စိုက် လုပ်ကိုင်နေတဲ့ မူလတောင်သူတွေ စိုက်ပျိုးတဲ့ လယ်မြေတွေကို (ပုံစံ-၇)ထုတ်ယူတာတွေရှိပါတယ်။ ဒါကို ဒီနေ့ခေတ်မှာတော့ ခေတ်သစ် လယ်ယာမြေ သိမ်းဆည်းမှုလို့ပဲ ဆိုကြပါတယ်။

အဲဒီလိုဖြစ်စဉ်တွေကို ပြန်လည်စိစစ်သုံးသပ်ပြီးတော့ တောင်သူလယ်သမားတွေ အကျိုးစီးပွားကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်နေလို့ ပထမတစ်ဆင့်အနေနဲ့ လယ်ယာမြေ (ပုံစံ-၇)ထုတ်ပေးထားမှုဟာ ပြန်လည်စိစစ် စစ်ဆေးရန် အစီအစဉ် ရှိ/မရှိဆိုပြီး ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဒုတိယကတော့ ခုနကပြောသလို လယ်လုံးဝမရှိဘဲနှင့် (ပုံစံ-၇)ထုတ်ယူနေတဲ့ ပုဂ္ဂိုလ်တွေဟာ စိုက်ပျိုးစရိတ်ချေးငွေ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကနေ ထုတ်ယူနေတဲ့ကိစ္စဟာ တစ်နည်းအားဖြင့် နိုင်ငံတော်ဘဏ္ဍာကို အလွဲသုံးစားပြုရာလည်း ရောက်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ကိစ္စမျိုးတွေကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်စေချင်လို့ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ ရခိုင်ပြည်နယ်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးမှာရှိတဲ့ ဆင်အိုင်မြောင်ကိုပိတ်ပြီး တစ်ဖက်ပိတ်ဆည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် အတွင်းမှာရှိတဲ့ ဖရုံကာကျွန်း (၃) ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်အတွင်း ထိုးထွက်နေတဲ့ ကျွန်းများဖြစ်ကြပါတယ်။ မြေမျက်နှာပြင် အသွင်အပြင်အနေအထားဟာ အများအားဖြင့် ကျောက်တောင်ကျောက်သားများနှင့် ဖွဲ့စည်းထားတဲ့ အခြေအနေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးနိုင်ဖို့ အဆိုပြုတဲ့နေရာဟာဆိုရင် အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီး ဆင်အိုင်လျှိုကိုပိတ်ပြီးတည်ဆောက်ရမယ့်နေရာဖြစ်ပါတယ်။ လျှိုပိတ်ဆည်တည်ဆောက်ရမယ့်နေရာမှာ အောက်ခံမြေလွှာ ဘူမိဗေဒအနေအထားအရ အလွယ်တကူ ရေယိုစိမ့်ထွက်နိုင်တဲ့ ကျောက်သားလွှာများဖြစ်တဲ့အတွက်

ကြောင့်လည်းကောင်း၊ မြေသားတမံတည်ဆောက်ဖို့အတွက် ရေလုံတဲ့မြေ၊ ဖို့မြေအမျိုးအစား မရရှိနိုင်တဲ့အတွက်ကြောင့်လည်းကောင်း လျှိုပိတ်ဆည်တည်ဆောက်ရန် သင့်လျော်မှုမရှိတဲ့အနေအထားဖြစ်တယ်ဆိုတာ စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် အလယ်ဖရုံကာကျွန်း၊ ဆင်အိုင်ကျေးရွာအနီးမှာရှိတဲ့ ဆင်အိုင်လျှိုပေါ်မှာ တစ်ဖက်ပိတ်ဆည် တည်ဆောက်နိုင်မှု အခြေအနေဟာ တင်ပြပါ အခြေအနေအရပ်ရပ်အရ ဖြစ်မြောက်နိုင်စွမ်းမရှိတဲ့အတွက် တစ်ဖက်ပိတ် ဆည်တည်ဆောက်ဖို့ သင့်လျော်မှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်မှာလည်း အလယ်ဖရုံကာကျွန်းမှာရှိတဲ့ ဒေသနေပြည်သူတွေအတွက် စိုက်ပျိုးရေးအပါအဝင် သောက်သုံးရေရရှိနိုင်ဖို့ မြေပြင်အခြေအနေစိစစ်မှုမှာ အလယ်ဖရုံကာကျွန်းဒေသသည် ရေလမ်းခရီးအခြေအနေအရ စက်ယန္တရားတွေ ပို့ဆောင်ဖို့ အလွန်ခက်ခဲမှုရှိတဲ့ အခြေအနေဖြစ်ပါတယ်။ ဒေသရဲ့ ဘူမိဗေဒဆိုင်ရာ မြေမျက်နှာပြင် အသွင်အပြင် အနေအထားအရလည်း အလွယ်တကူ ရေယိုစိမ့်ထွက်နိုင်တဲ့ ကျောက်သားလွှာတွေ တည်ရှိနေတဲ့အတွက် ရေလုံတဲ့ဖို့မြေအမျိုးအစားရဖို့ခက်ခဲမှုစတဲ့ အကြောင်းတရားတွေကြောင့် မြေသားရေလှောင်ကန် တည်ဆောက်ရာမှာလည်း ဖြစ်နိုင်ခြေ လွန်စွာနည်းပါးလျက်ရှိကြောင်း စိစစ်ရရှိပါတယ်။

ထိုသို့ ဖြစ်တည်နေတဲ့အခြေအနေကြောင့် ဒေသနေပြည်သူများ သောက်သုံးရေဖူလုံစေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေရရှိဖို့ မိုးများတဲ့ဒေသဖြစ်တာနှင့်အညီ မိုးရာသီအတွင်း ရွာသွန်းတဲ့ မိုးရေတွေ သိုလှောင်သုံးစွဲနိုင်ဖို့ အုတ်ရေလှောင်ကန်တွေ တစ်ပိုင်တစ်နိုင် တည်ဆောက်ခြင်းစနစ်ဖြင့်သာ ဆောင်ရွက်သွားနိုင်ဖို့ သင့်လျော်မှာဖြစ်တဲ့အတွက် အဆိုပါလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်မယ်ဆိုရင် မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာမှာရှိတဲ့ တိမ်နေသောရေကန်ကို ပြန်လည်တူးဖော်ပေးရန် လာမည့်ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာရှိ မော့ကနင်ရေကန်ကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀)ကတည်းက တည်ရှိခဲ့တဲ့ ကန်ကြီးဖြစ်ကြောင်း သိရှိရပါတယ်။ အလျားပေ (၂၅၇၇)ပေ၊ အနံ (၅၅၇)ပေ၊ ဧရိယာ (၈.၂၃)ဧက ရှိတဲ့ ကျယ်ဝန်းသော ရေကန်ကြီးလည်းဖြစ်ပါတယ်။ နှစ်ကာလကြာလာတာနှင့်အမျှ ကန်အတွင်းရေတွေ ခမ်းခြောက်လာတာနှင့်အတူ ရေနေမှုတဖြည်းဖြည်းလျော့ကျလာခြင်း၊ မိုးရာသီကာလများမှာ ဘေးပတ်လည်ဝန်းကျင်ရှိရေတွေ အမှိုက်တွေ၊ သဲတွေရေကန်အတွင်းသို့ နှစ်စဉ်စီးဝင်လာခြင်းတို့ကြောင့် အချို့နှစ်များတွေမှာ ရေလုံးဝမရှိတဲ့ ရေခမ်းခြောက်

တဲ့ အခြေအနေများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါရေကန်ကြီး ပြန်လည်တူးဖော်ဖို့ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ရန်ပုံငွေလျာထားတဲ့ လုပ်ငန်းစာရင်းမှာ မူလကပါဝင်ခြင်း မရှိသော်လည်းပဲ လိုအပ်တဲ့စုးစမ်းလေ့လာမှုများ ဆက်လက်ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ဘူမိဗေဒမြေပြင် အနေအထားအရ ဖြစ်မြောက်နိုင်စွမ်းရှိတဲ့ ဆန်းစစ်မှုနှင့်အညီ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ထည့်သွင်းတွက်ချက်ပြီး ရေကန်ကြီးကို ပြန်လည်တူးဖော်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုး ရဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု (ပုံစံ-၇) ထုတ်ပေးထားမှုတွေကို ပြန်လည်စိစစ် စစ်ဆေးရန် အစီအစဉ် ရှိ/မရှိနှင့် တရားမဝင်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ရယူပြီး စိုက်ပျိုးစရိတ် ချေးငွေတွေ အလွဲသုံးစားပြု ထုတ်ယူနေမှုတွေကို ထိရောက်စွာ အရေးယူအပြစ်ပေးရန် အစီအစဉ် ရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဆက်လက်ဖြေကြားပေးပါမယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ လယ်ယာမြေစီမံခန့်ခွဲမှုပိုင်းဆိုင်ရာမှာ လိုအပ်တဲ့ အားနည်းချက်တွေကို ပြုပြင်ပေးနိုင်ဖို့အတွက် ယခုလိုမေးခွန်းများ မေးမြန်းတဲ့အတွက်လည်း မိမိတို့ ဝန်ကြီးဌာနက အထူးပင် ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားတွေအတွက် လက်ရှိအသုံးပြုခွင့် ရရှိထားတဲ့ လယ်ယာမြေကို လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်တဲ့အခါမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ လယ်ယာမြေနည်းဥပဒေ အခန်း ၂၊ အပိုဒ် ၃ မှ အပိုဒ် ၁၄ အထိ ပြဋ္ဌာန်းချက်တွေ အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဆင့်ဆင့်ကနေ စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ (ပုံစံ-၇)တွေ စတင်ထုတ်ပေးစဉ်က ထုတ်ပေးရတဲ့လုပ်ငန်းပမာဏများပြားပြီး တိုတောင်းတဲ့အချိန်ကာလအတွင်းမှာ တောင်သူလယ်သမားတွေ အလျင်အမြန်အကျိုးခံစားရနိုင်ဖို့အတွက် ကာလတိုအတွင်းပြီးစီးအောင် ဆောင်ရွက်ခဲ့ရတဲ့ အခြေအနေ ဖြစ်ပါတယ်။ လုပ်အားလိုအပ်ချက်ကြောင့် အတွေ့အကြုံနှင့် လုပ်ငန်းကျွမ်းကျင်မှုအားနည်းတဲ့ လုပ်အားပေးတွေ၊ နေ့စားဝန်ထမ်းတွေကို ခေါ်ယူတာဝန်ပေး ဆောင်ရွက်ခဲ့ရပါတယ်။

အချို့သော တာဝန်ရှိသူတွေရဲ့ မသမာမှုပြုလုပ်ခဲ့ခြင်း၊ အင်္ဂလိပ်ခေတ်ကတည်းက တိုင်းတာရရှိခဲ့တဲ့ ခေတ်ဟောင်းမြေပုံတွေပေါ်မှာ အခြေပြုရခြင်း စတဲ့အကြောင်းမျိုးစုံတွေကြောင့် အချို့လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များဟာ ဧရိယာ၊ ကိန်းဂဏန်းတွေ မှားယွင်းပြီး ပြင်ရာ၊ ဖျက်ရာများ အပါအဝင် အမှားအယွင်းများစွာ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေ ရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ထုတ်ပေးပြီးသမျှ (ပုံစံ-၇)တွေ အားလုံးကို တစ်ခုချင်းအလိုက်၊ ဦးပိုင်အလိုက် ပြန်လည်စစ်ဆေးရမယ်ဆိုရင် အချိန်ကာလ၊ ဝန်ထမ်းအင်အား၊ ကျခံသုံးစွဲရမယ့် ငွေကြေးပမာဏ လိုအပ်ချက်များစွာ

ရှိလာမှာဖြစ်ပါတယ်။ လုပ်ငန်းပမာဏ ကြီးမားတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်လည်း အတိုင်အကြား ခံရမှု၊ မမှန်မကန်ဆောင်ရွက်ထားမှု ပေါ်ပေါက်လာတဲ့အခြေအနေ၊ သံသယဖြစ်ဖွယ်ရှိခြင်းနှင့် လုပ်ငန်းလိုအပ်ချက်တွေ ပေါ်ပေါက်လာတဲ့ ကိစ္စရပ်တွေအပေါ်မှာ တစ်ခုချင်းအခြေတည်ပြီး ပြန်လည်စိစစ်ဆောင်ရွက်နိုင်အောင် စီမံလုပ်ကိုင်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး တောင်သူတွေက စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်ပြီး အလွဲသုံးစားပြု ထုတ်ယူခြင်းတွေအပေါ် ကာကွယ်စစ်ဆေးပေးနိုင်ဖို့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိစစ်ပေးဖို့အတွက် အကြောင်းကြား လာမယ်ဆိုရင် အရေးယူ ဆောင်ရွက်ပေးမှုများ ရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်တွေကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာရှိတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၅) မှတ်တမ်းနှင့်တိုက်ဆိုင်ပြီး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အကြောင်းအမျိုးမျိုးသော မသမာမှုများနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ထုတ်ပေးထားမှုများရှိကြောင်း စစ်ဆေးပေါ်ပေါက်လာရင်တော့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မသမာမှုများ ဆောင်ရွက်တဲ့ဝန်ထမ်းများနဲ့ အဆိုပါမသမာမှုတွေကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိတဲ့ဝန်ထမ်းအဆင့်ဆင့်ကိုလည်း ထိရောက်တဲ့ အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ထုတ်ပေးထားတဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)အပေါ် တောင်သူများကနေပြင်ဆင်ပြီး စိုက်ပျိုးစရိတ်ချေးငွေများ အလွဲသုံးစားပြုလုပ်ထုတ်ယူနေမှုကို စစ်ဆေးတွေ့ရှိမယ်ဆိုရင် လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများရှိပါတယ်။

သို့ဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) အပေါ် မသမာသောနည်းအမျိုးမျိုးနှင့် ဆောင်ရွက်ထားရှိမှုများ ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်သော အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ လုပ်ငန်းလိုအပ်ချက်များ ရှိခြင်း၊ မသမာသော နည်းလမ်းအမျိုးမျိုးဖြင့် (ပုံစံ-၇) ထုတ်ပေးထားခြင်းများ တွေ့ရှိပါက ပြန်လည်စိစစ်ပြီးတော့ အရေးယူဆောင်ရွက် ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့

လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါ်နန်းနီနီအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမယ့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် နန်းနီနီအေး ဖြစ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၂၈၇
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ မေလ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၉-၃-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၄-၅-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပိုမိုပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၄-၆-၂၀၁၈(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများဖူလုံစွာ ရရှိရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

ကြောင်းအဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ (၈)မိနစ်အတွင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း ရဲ့ အဆိုအား အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်ပြီးတော့ လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းခန့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အမှီသဟဲပြု အသက်မွေးဝမ်းကျောင်းပြုနေကြရသူ များဖြစ်ကြပါတယ်။ ဒါကြောင့်ရေရှည်မှာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ရဲ့ စိုက်ပျိုးရေး ထုတ်ကုန်များ ပြည်တွင်းစားသုံးသူ ဈေးကွက်သာမက ပြည်ပဈေးကွက် တင်ပို့မှုအတွက်ပါ နိုင်ငံတကာ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်တဲ့၊ ဘေးအန္တရာယ်ကင်းရှင်းတဲ့ စားသောက်ကုန်များဖြစ်စေရန် အလွန်အရေးကြီးပါတယ်။ ဒါမှသာ စိတ်ချခိုင်မာပြီး အာမခံရှိတဲ့ဈေးကွက် ရရှိမှာဖြစ်ပါတယ်။ ဒ့ါအပြင် A.E.C လို့ခေါ်တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း Blue Print (2025)ကို ၂၀၁၅ ခုနှစ်ကတည်းက ချမှတ်ပြီးဖြစ်၍ များမကြာမီအချိန်မှာ အာဆီယံနိုင်ငံအချင်းချင်း အပြန်အလှန် လွတ်လပ်စွာ ကုန်သွယ်စီးဆင်းမှု ရပ်ဝန်းတစ်ခု ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွတ်လပ်သော ဈေးကွက်ယှဉ်ပြိုင်မှုအတွက် အရည်အသွေးကောင်းမွန်ပြီးတော့ အန္တရာယ်ကင်း စိတ်ချရတဲ့ စိုက်ပျိုးရေး ထုတ်ကုန်များဖြစ်ရန် ယခုကတည်းက အဆင်သင့်ပြင်ဆင်ထားရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ယခုဆိုရင် ကမ္ဘာပေါ်မှာ ကင်ဆာရောဂါဖြစ်ပွားမှု နှုန်း ဒုတိယအများဆုံးနိုင်ငံအဆင့် ရောက်နေခြင်းကြောင့် တစ်မျိုးသားလုံးကျန်းမာရေးအတွက် အရေးကြီးတဲ့ကာလ ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အဓိကအခန်းမှာပါဝင်နေတဲ့ နေ့စဉ်နှင့်အမျှ စားသုံးနေရတဲ့ သီးနှံများ၊ အထူးသဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများဟာ ဘေးအန္တရာယ် ကင်းရှင်းပြီး၊ ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန်လိုအပ်ပါတယ်။ အမှန်တော့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများဟာ Anti Oxident ခေါ်တဲ့ ဓာတ်တိုးဆန့်ကျင် အာနိသင်ရှိခြင်းကြောင့် ကျန်းမာရေး အတွက် အထူးအားထား သုံးဆောင်ရတဲ့ အစားအစာများဖြစ်သော်လည်းပဲ ယခုအခါမှာ စိုက်ခင်းမှသည် ထမင်းစားပွဲဝိုင်း ရောက်သည်အထိ အရွယ်အစား၊ အရောင်အဆင်း၊ အနံ့၊ အရသာအတွက် အမျိုး မျိုးသော ဓာတုဆေးများ၊ ဓာတုပစ္စည်းများဖြင့် စီမံထားပြီး ရောင်းချနေမှုတို့ကြောင့် နေ့စဉ်နှင့် အမျှ ကျန်းမာရေးကို ခြိမ်းခြောက်ခံနေရပြီဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာမှာ Good Agriculture Practice ခေါ်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ရေးဆွဲပြဋ္ဌာန်းပြီး ကျင့်သုံး

နေသလို ကျွန်တော်တို့နိုင်ငံတစ်ဝှမ်းမှာလည်း G.A.P နည်းစနစ်နှင့် ကောင်းစွာစိုက်ပျိုးထုတ်လုပ်နိုင်ရန် အထူးလိုအပ်နေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ G.A.P ရဲ့ရည်ရွယ်ချက်လည်းဖြစ်၊ အဓိကလုပ်ဆောင်ရမယ့် ကဏ္ဍကြီးလည်းဖြစ်တဲ့ အစားအစာများ +ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သီးနှံများအရည်အသွေးကောင်းမွန်စေရေး၊ လုပ်သားများ ကျန်းမာရေး၊ ဘေးကင်းရေး၊ သာယာဝပြောရေးစတဲ့ ကဏ္ဍများ အောင်မြင်စွာပီပြင်စေရန်အတွက် G.A.P နည်းဖြင့် စိုက်ပျိုးထုတ်လုပ်ရာမှာ စတင်စိုက်ပျိုးရန် မြေ၊ ရေ၊ မျိုးစေ့၊ ပျိုးပင် စသည်တို့ကို ရွေးချယ်စီမံ ဆောင်ရွက်ခြင်းမှအစ တရားဝင် မှတ်ပုံတင်ထားတဲ့ မြေသြဇာနှင့် မြေဆီလွှာဖြည့်စွက်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ဓာတုဆေးများနှင့် အခြားဓာတုပစ္စည်းများအား နည်းပညာနှင့် ညွှန်ကြားချက်အတိုင်း လိုက်နာသုံးစွဲခြင်း၊ အပင်ပြုစု စောင့်ရှောက်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ထွက်ကုန်ပြုပြင်ခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ အဆောက်အဦများဖြင့် စနစ်တကျထားရှိခြင်း၊ တိရစ္ဆာန်နှင့် ဖျက်ပိုးများထိန်းချုပ်ခြင်း စတဲ့အဆင့်ဆင့် ဆောင်ရွက်ခြင်းများအလယ်၊ လုပ်ဆောင်မှုတိုင်းကို အထောက်အထား မှတ်တမ်းများထားရှိ၍ ပြန်လည်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ သင်တန်းများ ပို့ချဆွေးနွေးခြင်းနှင့် လုပ်သားများဘဝ သာယာဝပြောရေး အဆုံးအားလုံးကိုစနစ်ကျစွာ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်ဝကောင်းမွန်ပြီး အာဟာရကြွယ်ဝတဲ့သီးနှံများ စားသုံးနိုင်မှာ ဖြစ်သလိုထုတ်လုပ်ရောင်းချသူများအနေဖြင့်လည်း အာမခံချက်ရှိရှိ ပြည်တွင်းရော၊ ပြည်ပဈေးကွက်များပါ တင်ပို့ရောင်းချနိုင်ပြီး တောင်သူများ ဝင်ငွေတိုးတက်လာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ G.A.P ရဲ့အဓိပ္ပာယ်ကို ဖော်ပြတာဖြစ်ပါတယ်။ G.A.P ဆိုတာ စိုက်ပျိုးစေ့ကနေစတာပါ။ နောက် G.A.P ကို ဘာကြောင့်ဆောင်ရွက်ရလဲဆိုတာ၊ စားသုံးသူများကာကွယ်ရန်နှင့် ဈေးကွက်ရရှိရန်တို့ ဖြစ်ပါတယ်။ ဒါကတော့ G.A.P ဖြစ်တည်လာမှုအကြောင်းကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ G.A.P စနစ်အရ မြန်မာနိုင်ငံမှာ သီးနှံ(၁၅)မျိုးကို ဆောင်ရွက်သွားမှာဖြစ်ဖို့ တင်ပြထားပါတယ်။ ဒါကတော့ မြန်မာ G.A.P မှာပါဝင်တဲ့ ခုနက ကဏ္ဍကြီး(၄)ရပ်ကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အစားအသောက်တွေက ဒီလိုအဓိကအခြေခံ(၃)ချက်ကြောင့် ကျွန်တော်တို့ အန္တရာယ်နှင့် ကျရောက်နေခြင်းဖြစ်ပါတယ်။ ဓာတုဗေဒပစ္စည်းတွေဖြစ်တဲ့ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ၊ တာရှည်ခံဆေးတွေကြောင့် ရောဂါတွေကျရောက်ခြင်း ဖြစ်ပါတယ်။ ဒါကတော့ စနစ်ကျစွာပိုးသတ်ဆေး ဖျန်းဖို့အတွက် လိုအပ်ပါတယ်။ ဒါကတော့ အစားအစာများမှတစ်ဆင့် ကူးစက်ရောဂါများ ခံစားရတဲ့သဘောကို တင်ပြထားတာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ထွက်ကုန်များကို ပြင်ဆင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချတဲ့နေရာမှာ ထားသိုခြင်းတွေကအစ အန္တရာယ်ကင်းအောင် ဆောင်ရွက်ရန် အထူးလိုအပ်နေကြောင်းကို တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ မီးဖိုချောင်ကနေပြီးတော့ ကျွန်တော်တို့ကျန်းမာရေးအတွက် နေ့စဉ်နှင့်အမျှ စိန်ခေါ်နေတာကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးလုပ်သားများဟာ စနစ်တကျမလုပ်တတ်ဘူးဆိုရင် ဒီလို ကျွန်တော်တို့ အန္တရာယ်တွေနဲ့တွေ့ရမှာဖြစ်

ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေမှာ G.A.P စနစ်နဲ့ဆောင်ရွက်တဲ့ သူတို့ရဲ့ အမှတ်တံဆိပ်တွေ ဖြစ်ကြပါတယ်။ ဒါ ကျွန်တော်တို့နိုင်ငံရဲ့ မြန်မာ့ G.A.P Logo ဖြစ်ပါတယ်။ ကျွန်တော်တို့ G.A.P စနစ်နဲ့သွားမယ်ဆိုရင် ဒီအဆင့် (၁၆)ဆင့်ကို ကျွန်တော်တို့ ကောင်းမွန်စွာ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ G.A.P ကို ကောင်းမွန်စွာ အောင်မြင်ဖို့ဆိုရင် ဒီလုပ်ရမယ့် လုပ်ငန်းကဏ္ဍကြီးများကို ကောင်းစွာဆောင်ရွက်မှ အောင်မြင်မှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အကြံပြုလိုတာကတော့ (၁) G.A.P အသိအမှတ်ပြု စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့တိုင်းမှာ တစ်ပိုင်တစ်နိုင်အရောင်းဆိုင်များ စတင်ထားရှိရန် လိုအပ်ပါတယ်။ နံပါတ်(၂)အနေနဲ့ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ဓာတုဆေးဝါး စသည်တို့ကို ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းခြင်း အစ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းများ ရှိ/မရှိကို အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ နံပါတ်(၃)အချက်အနေနဲ့ကတော့ မြို့နယ်အလိုက်၊ နယ်မြေအလိုက် ဖွင့်လှစ်ထားတဲ့ စိုက်ပျိုးရေးပညာပေးစခန်းများမှာ G.A.P နဲ့ အသိပညာပေးလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ ယခုထက်ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ပေးရန်လိုအပ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

G.A.P အဓိပ္ပာယ်ပြပုံ (တ)



မြန်မာ G.A.P တွင်ပါဝင်သည့်ကဏ္ဍကြီး(၄)ရပ်ပြပုံ (တ-၁)

**မြန်မာ GAP တွင် ပါဝင်သည့်ကဏ္ဍများ　*225***

**(၁) အစားအစာအန္တရာယ်ကင်းရှင်းရေးကဏ္ဍ**
**( Food Safety Module )　*83***

**(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**
**( Environmental Management Module )　*59***

**(၃) သီးနှံများ၏အရည်အသွေးကဏ္ဍ**
**( Produce Quality Module )　*54***

**(၄) လုပ်သားများကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လူမှုဘဝ သာယာရေးကဏ္ဍ　*29***
**( Workers, Health, Safety and Welfare Module )**

ဓာတုဗေဒပစ္စည်းများပါရှိသော အစားအသောက်ကြောင့် ရောဂါဖြစ်ရခြင်း၏ မြင်ကွင်းပုံ(တ-၂)




**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစား အပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဦးလှဆန်း ရဲ့အဆိုက ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေ များစွာပါဝင်နေပါတယ်။ စားနပ်ရိက္ခာဖူလုံဖို့ဆိုရင် နိုင်ငံရဲ့စီးပွားရေးကို စိုက်ပျိုးရေး ကဏ္ဍကနေ မြှင့်တင်နိုင်ဖို့နှင့် စိုက်ပျိုးတောင်သူတွေရဲ့ စွမ်းဆောင်ရည် မြှင့်တင်ဖို့အတွက် ရည်ရွယ်တာ ဖြစ်ပါတယ်။ အစားအသောက်ဘေးရန်ကင်းဖို့ဆိုရင် နိုင်ငံသားတွေရဲ့ ကျန်းမာသန်စွမ်းဖို့နဲ့ လူနေမှု မြှင့်တင်ဖို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဒီအတွက် အသိပညာ၊ နည်းပညာတွေနဲ့ G.A.P ခေါ်တဲ့ (Good Agriculture Practice) ကို တစ်နိုင်ငံလုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ တိုက်တွန်းထားတာဖြစ်ပါတယ်။ တစ်ကယ်တော့ ကျွန်မတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့ဆိုတာ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်နိုင်ဖို့ အရေးကြီး ပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းက G.A.P ကို စတင်ပြဋ္ဌာန်းပြီးတဲ့နောက် စိုက်ပျိုးရေးဝန်ကြီးဌာနက လုပ်ဆောင်ခဲ့တာဖြစ်ပေမယ့်လည်း ဒီနေ့ ဒီအချိန်မှာ အောင်မြင်တဲ့လမ်းကြောင်းပေါ်ကို မရောက် သေးဘူးဆိုတာ ခက်ခဲနေသေးတဲ့ ကျေးလက်နေပြည်သူတွေရဲ့ဘဝကို ကြည့်ရင်သိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံပါတယ်။ ရှေ့က ကိုယ်စားလှယ်တွေ တင်ပြသွားသလိုပါပဲ။ G.A.P ဆိုတာ Farm to Table အထိ ပါတာဖြစ်ပါတယ်။ G.A.P လို့ပြော လိုက်ရင် စိုက်ပျိုးရေးသာမကဘဲနဲ့ မွေးမြူရေးနှင့် ရေလုပ်ငန်း ပါဝင်ပါတယ်။ Foods Safety ဆိုတာ ကလည်း Farm to Table အထိ လုပ်ဆောင်ထားတာကို ဖော်ပြထားတာဖြစ်ပါတယ်။ Slide မှာ ပါတဲ့အတိုင်းပဲ။ G.A.P ရဲ့ရည်ရွယ်ချက်တွေ၊ ပါဝင်တဲ့ကဏ္ဍတွေ၊ လိုက်နာရမယ့်အချက်အလက်တွေကို တောင်သူတစ်ဦးချင်းစီအထိ ပညာပေးပို့ချပြီး လက်တွေ့လုပ်ဆောင်နိုင်ဖို့ လိုအပ်ချက်တွေ အများကြီး ရှိနေပါသေးတယ်။ ကျွန်မတို့နိုင်ငံမှာ သီးနှံမျိုးပေါင်း(၆၀)ကျော် စိုက်ပျိုးနိုင်တယ်ဆိုပေမယ့် ကျွန်မတို့ နိုင်ငံရဲ့ G.A.P သီးနှံအနေနဲ့ (၁၅)မျိုးပဲ ပြဋ္ဌာန်းနိုင်ပါသေးတယ်။ အဲဒီထဲက သီးနှံမျိုးအနည်းငယ်ကိုပဲ Export လုပ်နိုင်တာ ဖြစ်တဲ့အတွက်ကြောင့် G.A.P သီးနှံတွေအားလုံးကို အောင်မြင်အောင် မလုပ်ဆောင် နိုင်သေးပါဘူး။ ကမ္ဘာ့စိုက်ပျိုးရေးထုတ်ကုန် ၈၀ ရာခိုင်နှုန်းကို ဈေးကွက်ယူထားတဲ့ ဗီယက်နမ်နိုင်ငံဟာ ခရိုင်တစ်ခုထဲမှာပဲ သီးနှံအမျိုးပေါင်း (၈၀)ကို Export အတွက် မူပိုင်ခွင့် ပေးထားပါတယ်။ G.A.P အနေနဲ့ သီးနှံမျိုး(၈၀)ကို အောင်မြင်စွာ လုပ်ဆောင်နေတာလို့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။


ဖွံ့ဖြိုးပြီးတဲ့ကမ္ဘာ့နိုင်ငံတွေမှာလည်း Farm to Table အထိ G.A.P နည်းစနစ်တွေနဲ့ လုပ်ဆောင်နေသလို F.A.O အနေနဲ့လည်း G.A.P ကို နိုင်ငံတကာမှာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့ Forum တွေ၊ Work Shops တွေနဲ့ အားပေးလုပ်ဆောင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ Foods Safety အတွက်လည်း လိုအပ်သလို နိုင်ငံတိုင်းမှာ ပါဝင်ပြီးတော့ ကူညီ

ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ G.A.P ရဲ့ရည်ရွယ်ချက်တွေနဲ့ အလားတူလုပ်ဆောင်နေတဲ့ Organic စိုက်ပျိုးနည်းတွေ၊ Agro Ecology လို့ခေါ်တဲ့ သမားရိုးကျစိုက်ပျိုးနည်းတွေလည်း ရှိပါတယ်။ ဓာတုဆေးဝါးမသုံးတဲ့ Organic Farming ကနေပြီးတော့ ပိုမိုကောင်းမွန်တဲ့ မျိုးရိုးဗီဇကို ထိန်းသိမ်းပြီး သမားရိုးကျစိုက်ပျိုးနည်းဖြစ်တဲ့ Agro Ecology Farming တွေဟာ နိုင်ငံတကာမှာ လုပ်ဆောင်နေတာ ဖြစ်ပါတယ်။


ဒီနေ့ ကမ္ဘာ့ဒုတိယအများဆုံး စိုက်ပျိုးထုတ်ကုန်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ Organic Farming တွေကနေပြီးတော့ Green Market တွေဟာ အောင်မြင်ကျော်ကြားလှပါတယ်။ Latin America နှင့် Africa နိုင်ငံတွေကနေ စတင်ခဲ့ပြီးတော့ အခုအချိန်ဆိုရင် နှစ်ပေါင်း (၂၀)ကျော် သက်တမ်းရှိလာပြီဖြစ်တဲ့ Agro Ecology Farming အဖွဲ့တွေရဲ့ Lavia Campesina Farmer Group တွေဟာ အခုဆိုရင် သန်းချီအင်အား ရှိပြီးတော့ သမားရိုးကျစိုက်ပျိုးနည်းကို အားပေးနေတာ ဖြစ်ပါတယ်။ (၉၀) ရာခိုင်နှုန်းကျော်ရှိတဲ့ ကျွန်မရဲ့ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ အခုဆိုရင် Organic Zone လို့ သတ်မှတ်ပြီးတဲ့နောက် ဝန်ကြီးဌာနက G.A.P သီးနှံတစ်ခုဖြစ်တဲ့ ကော်ဖီသီးနှံကို စတင်လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ကျွန်မရဲ့ဒေသက မူလက သမားရိုးကျ လုပ်ကိုင်ခဲ့တဲ့ အစဉ်အလာကောင်းနဲ့ ကောင်းမွန်တဲ့ မြေအနေအထားတွေကြောင့် Organic Zone အဆင်သင့်ဖြစ်နေပြီးသားဖြစ်ပါတယ်။ နှစ်ပေါင်းရာချီရှိပြီးသား ဒေသကော်ဖီမျိုးရင်းကို G.A.P နည်းစနစ်ကောင်းနှင့်ပေါင်းစပ်လိုက်တဲ့အခါ ဒေသရဲ့စီးပွားရေးကို မြှင့်တင်နိုင်ဖို့ အခြေအနေကောင်း ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

ဆက်လက်ပြီးတော့ ကျန်ရှိနေသေးတဲ့ ဒေသရဲ့ သီးနှံအားလုံးကို G.A.P စနစ်နဲ့ သွားနိုင်ဖို့လည်း လိုအပ်နေပါသေးတယ်။ ဒီလိုပါပဲ။ ကျွန်မတို့ တစ်နိုင်ငံလုံးမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအားလုံးကို G.A.Pနဲ့အတူ နိုင်ငံရဲ့ စီးပွားရေးကို မြှင့်တင်ရင်း နိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ လူနေမှုကို မြှင့်တင်နိုင်ပါစေကြောင်း တိုက်တွန်းရင်း အဆိုကိုအကြံပြု ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


ကမ္ဘာ့နိုင်ငံများမှ G.A.P ဆောင်ရွက်နေမှု (Farm to table)ပြပုံ(ထ)



ORGANIC FARMIN နည်းအဆင့်ဆင့်၏ မြင်ကွင်းပုံ(ထ-၁)




Agro Ecology Farming အဖွဲ့ပြပုံ(ထ-၂)




**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာ များ အထောက်အကူပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူက တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရ ဖြစ်လာတဲ့ ရက်ပေါင်း(၁၀၀)အတွင်းမှာ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒတွင် အခြေခံရမည့် မူဝါဒ(၁၂) ချက်ကို ပြည်သူတွေကို အသိပေးကြေညာခဲ့ပါတယ်။ ၎င်း မူဝါဒများထဲမှ အချက်(၃)ချက်ကို ထောက်ပြ ချင်ပါတယ်။ အဆိုရှင်ရဲ့ အဆိုနဲ့လည်း ဆက်သွယ်လျက်ရှိပါတယ်။ မူဝါဒရဲ့ နံပါတ်(၁)အချက်ဖြစ်တဲ့ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊ မူဝါဒရဲ့ နံပါတ်(၆)ကတော့ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူ ရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီ သည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊ မူဝါဒရဲ့ နံပါတ်(၈)အချက်ကတော့ အိမ်ထောင်စုများ၊ တောင်သူ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင် မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိစေရေး ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။ ၎င်း မူဝါဒများကိုကြည့်လျှင် နိုင်ငံတော် လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းကျော်ရှိတဲ့ ကျွန်တော်တို့ရဲ့ တောင်သူ လယ်သမားများနှင့် ပြည်သူများကိုက်ညီအောင် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ အဆိုရှင် ဦးလှဆန်း ရဲ့ အဆိုနှင့် လိုက်လျောညီထွေဖြစ်တဲ့ ပြီးခဲ့တဲ့နှစ် ၂၀၁၇ ခုနှစ်မှာ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာ G.A.P စနစ်ဖြင့် မကွေး၊ မင်းဘူး၊ မင်းလှနှင့် နတ်မောက်မြို့များတွင် တိုင်းဒေသကြီးအစိုးရ၏ ဦးဆောင် မှုဖြင့် တောင်သူဦးရေ(၈၆၅)ဦး၏ တစ်ကွင်းတစ်ဆက် စိုက်ဧကပေါင်း (၃၀၀၀) ကျော်ကို နှမ်းနက်များ စိုက်ပျိုးခဲ့ပါတယ်။ အောင်မြင်မှုများ ရရှိကြောင်းကိုလည်း တိုင်းဒေသကြီးအစိုးရ၏ တစ်နှစ်တာ ဆောင်ရွက်ချက်များတွင် သိရှိရပါတယ်။ သီးနှံစိုက်ပျိုးသည့်နေ့မှစ၍ မိမိရဲ့သီးနှံများ ပုတ်ထဲ၊ အိတ်ထဲ ရောက်သည်အထိ နေ့စဉ်ဆောင်ရွက်ချက် မှတ်တမ်းများထားရှိပြီး စိုက်ပျိုးရေးဌာနများမှ လက်မှတ်ထိုး အတည်ပြုပေးကြောင်း သိရပါတယ်။

ယခုနှစ် ၂၀၁၈ - ၂၀၁၉ ခုနှစ်မှာလည်း မကွေးတိုင်းဒေသကြီးရဲ့ ခရိုင်(၅)ခုဖြစ်သော မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်များတွင် စိုက်မြေဧကပေါင်း

(၂၀၀၀၀)ကျော် မိုးနှမ်းကို G.A.P စနစ်ဖြင့် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ကျွန်တော့်ရဲ့ရှေ့မှာ ဆွေးနွေးသွားသော ကိုယ်စားလှယ်များကလည်း မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် G.A.P စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ၎င်းစနစ်အောင်မြင်စေရန် တိုက်တွန်းကြောင်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC- II) မှာ ကျင်းပတဲ့ မြန်မာ့ဆန်စပါးဖွံ့ဖြိုး နှီးနှောဖလှယ်ပွဲကို နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တက်ရောက်ခဲ့တဲ့ အခမ်းအနားမှာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က စပါးတင်း(၁၀၀)လျှင် ကျပ်ငွေ(၅)သိန်းနှုန်း အခြေခံ၍ ထုတ်ပြန်ကြေညာခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အစိုးရအဆက်ဆက်မှာ ပထမဆုံးသတ်မှတ်နိုင်တဲ့ ဈေးနှုန်း ဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ဆန်စပါး ထုတ်လုပ်မှု စံချိန်ကောင်းသဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှမက ပြည်ပသို့ ဆန်တန်ချိန် (၃)သန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကလည်း ပြောကြားခဲ့တာ သိရပါတယ်။ နှစ်ပေါင်း (၇၀)အတွင်းမှာ စံချိန်ချိုးနိုင်ခဲ့ပါတယ်။ ပြည်သူ့အစိုးရ (၂)နှစ်တာ ကာလအတွင်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့အစိုးရလက်ထက်မှာ ပြည်သူ့အစိုးရရဲ့အသုံးစရိတ်များ အကြီးအကျယ်လျှော့ချခဲ့ခြင်း၊ သယံဇာတစီးပွားရေးမှ ပုံမှန်စီးပွားရေးသို့ တဖြည်းဖြည်းကူးပြောင်းလာခြင်း၊ စီးပွားရေးကို မှန်ကန်သော ပေါ်လစီများအတိုင်း တဖြည်းဖြည်း ပြောင်းလဲလာခြင်းတို့ကြောင့် --------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး အဆိုကို ဆွေးနွေးနေတာ။ အဆိုနဲ့ပတ်သက်ပြီး အဓိကထား ဆွေးနွေးပါ။

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် G.A.P စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် ပြည်သူ့အစိုးရနှင့် နိုင်ငံသူ/နိုင်ငံသားများရဲ့ စုပေါင်းအင်အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ(၆)ဖြစ်တဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍ၊ ချိန်ခွင်လျှာညီသည့် စီးပွားရေးစနစ် ဖော်ထုတ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲအောင်စော ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဗိုလ်မှူးရဲအောင်စော(တပ်မတော်သား ကိုယ်စားလှယ်)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲအောင်စော ဖြစ်ပါ

တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ကမ္ဘာ့လူဦးရေ တိုးတက်မှုနှုန်းမှာ အလွန်ပဲလျှင်မြန်ပါတယ်။ ဒါကြောင့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ (၉)ဘီလီယံ ဖြစ်လာမည်ဟု ခန့်မှန်းထားကြပါတယ်။ လူဦးရေတိုးတက်လာသည်နှင့်အမျှ လူတို့၏ စားသောက်မှု ပုံစံ၊ နေထိုင်မှုပုံစံများလည်း ပြောင်းလဲလာကြပါတယ်။ ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်များပြား လာခဲ့သလို သတင်းအချက်အလက် အခြေခံရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများလည်း ထူထောင် ခဲ့ကြပါတယ်။ ရောင်းဝယ်ဖောက်ကားခြင်းတွင် စားသောက်ကုန်ရောင်းဝယ် ဖောက်ကားခြင်းမှာလည်း ကြီးမားသောပမာဏဖြစ်ပါတယ်။ ရောင်းဝယ်ဖောက်ကားခြင်းတွင် အရည်အသွေးမှန်ဖို့ လိုအပ်လာပါ တယ်။ အစားအစာများ အန္တရာယ်ကင်းရှင်းရန်အတွက် ဥပဒေများ၊ ညွှန်ကြားချက်များ၊ တားမြစ်ချက် များကိုလည်း ပြဋ္ဌာန်းခဲ့ကြပါတယ်။ အာဆီယံနိုင်ငံများတွင်လည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ ပြဋ္ဌာန်းကျင့်သုံးလာခဲ့ကြသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ် ဖော်ဆောင်ဖို့ လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ G.A.P စနစ်ဆိုသည်မှာ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် သီးနှံများ၏ အရည်အသွေးကောင်းမွန်စေရန်နှင့် လုပ်သား များ၏ ကျန်းမာရေးနှင့် လူမှုဘဝ သာယာဝပြောရေးတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများပင်ဖြစ်ပါတယ်။ ကျွန်တော် Power Point မှာတင်ပြ ထားသလို ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အထက်မှာဆွေးနွေးခဲ့တဲ့ အချက်(၄)ချက်နှင့်အညီ စိုက်ပျိုးမည်ဆိုလျှင် လိုက်နာဆောင်ရွက်ရမည့် အချက်(၁၆)ချက်ရှိပြီး အချိန်ကို ငဲ့ညှာသောအားဖြင့် အသေးစိတ်ဖတ်မပြတော့ဘဲ ခေါင်းစဉ်များကိုသာ ဖတ်ကြား ရှင်းလင်းသွားပါမယ်။

စိုက်ပျိုးမည့် သီးနှံနှင့် ကိုက်ညီမည့် မြေနေရာရွေးချယ်ခြင်း၊ ရေ၏ အရည်အသွေး၊ မျိုးစေ့ ပျိုးပင် ရွေးချယ်မှု၊ မြေသြဇာနှင့် မြေဆီလွှာဖြည့်စွက်ပစ္စည်းများ ထည့်သွင်းအသုံးပြုမှု၊ စိုက်ပျိုးရေးသုံး ဓာတုဆေးများနှင့် အခြားဓာတုပစ္စည်းများ သုံးစွဲမှု၊ နည်းလမ်းမှန်ကန်စွာ အပင်အား ပြုစုစောင့်ရှောက် ခြင်း၊ စိုက်ပျိုးရေးနှင့် အခြားဆက်စပ်ပစ္စည်းကိရိယာများ သုံးစွဲမှု၊ ရိတ်သိမ်းခြင်းနှင့် ထွက်ကုန်ပြုပြင် ခြင်း၊ ထုတ်ပိုးပြင်ဆင်မှု၊ သိုလှောင်ခြင်းနှင့်သယ်ယူပို့ဆောင်ခြင်း၊ အဆောက်အဦများ ဆောက်လုပ် သိုလှောင်ထားရှိတဲ့စနစ်၊ တိရစ္ဆာန်နှင့် ဖျက်ပိုးများအန္တရာယ် ထိန်းချုပ်ခြင်း၊ အထောက်အထားနှင့် မှတ်တမ်းများထားရှိမှု၊ နောက်ကြောင်းပြန် စစ်ဆေးခြင်းနှင့် ပြန်လည်သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက် နိုင်ရန် ပြင်ဆင်ထားမှု၊ သင်တန်းများပို့ချပေးမှုနှင့် ဆောင်ရွက်ကျင့်သုံးမှုများကို ပြန်လည်သုံးသပ်ကာ တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် လုပ်သားများဘဝ သာယာဝပြောရေးဆိုတဲ့ အချက်တွေကို မဖြစ်မနေ အသေးစိတ်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ယခုတင်ပြခဲ့တဲ့ အချက်တွေနှင့်အညီ စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံထွက်ကုန်များမှာ စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချစွာ စားသုံးနိုင်သည့်အတွက် ဝယ်လိုအားများခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူး များရရှိနိုင်ပြီး နိုင်ငံခြားသို့တင်ပို့ရာတွင်လည်း ဝယ်ယူလိုသူများမှ G.A.P စနစ်ဖြင့် စိုက်ပျိုးသော

စိုက်ပျိုးရေးထွက်ကုန်များကိုသာ အဓိကမှာယူခြင်းကြောင့် ထုတ်လုပ်သူအတွက် အကျိုးအမြတ်များ ရရှိနိုင်မှာဖြစ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ G.A.P စနစ်ဖြင့် စိုက်ပျိုးသော သီးနှံထွက်ကုန်များ ထွက်ရှိလာမည်ဆိုပါက အဆိုပါ သီးနှံများကို ဝယ်ယူမည့် ဈေးကွက်ဖြစ်ထွန်းနေရန် လိုအပ်မည်ဖြစ်ပါသည်။ ထွက်ကုန်များသည် တန်ဖိုးမြင့်ထွက်ကုန်များဖြစ်လာသော်လည်း စားသုံးသူမရှိပါက အဟောသိကံဖြစ်ကာ တောင်သူများ ဆုံးရှုံးနစ်နာနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃(ခ) တွင်လည်း နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိရန် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားရှိပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး အခြေခံ ရောင်းလိုအားမဟုတ်ပဲ ပြည်ပဈေးကွက်အပါအဝင် ဝယ်လိုအားကို ဦးစွာ ရှာဖွေစီမံပြီး ဒေသအလိုက် G.A.P ထွက်ကုန်များ ထွက်ရှိစေရေး စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို လတ်လတ်ဆတ်ဆတ် စားသုံးနိုင်စေရေးအတွက် အီးအမ်ဗိုကာရှီကဲ့သို့ သဘာဝမြေဩဇာများကို အသုံးပြု၍ တပ်အလိုက် စနစ်တကျ စိုက်ပျိုးကာ စားသုံး၍ ပိုလျှံသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများအား ပြည်သူလူထုသို့ ရောင်းချပေးခြင်းဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေမှုများကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်လည်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအား ၂၀၁၅-၂၀၁၆ ခုနှစ်မှစတင်ပြီး G.A.P အသိအမှတ်ပြုလက်မှတ် စစ်ဆေးထုတ်ပေးခဲ့ရာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လျှောက်ထားသည့် ခြံ(၉၁)ခြံ အနက် G.A.Pလက်မှတ်(၂၇)ခြံကို ထုတ်ပေးနိုင်ခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၃၀)ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် လျှောက်ထားသည့်ခြံ (၈၀)ခြံအနက် (၃၀)ခြံကို ထုတ်ပေးနိုင်ခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၃၈)ရာခိုင်နှုန်းအထိ တိုးတက်လာပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လျှောက်ထားသည့်ခြံ (၁၃၆)ခြံအနက် (၇၃)ခြံကို ထုတ်ပေးနိုင်ခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၅၄)ရာခိုင်နှုန်းအထိ တဖြည်းဖြည်း တိုးတက်လာတာကို ဌာန၏ စာရင်းဇယားအချက်အလက်များအရ သိရှိရပါတယ်။

နိဂုံးချုပ်အနေဖြင့် ဆွေးနွေးလိုတာကတော့ ပထမအချက်အနေဖြင့် G.A.P Guide Line ဟာ စိုက်ပျိုးထုတ်လုပ်ရာတွင် မဖြစ်မနေပြုလုပ်ရမည့် ပြဋ္ဌာန်းချက်မျိုးမဟုတ်ပါ။ မိမိဆန္ဒအရ စိုက်ပျိုးထုတ်လုပ်သူများမှ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများပင် ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှစတင်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်သူများအား G.A.P လက်မှတ် စစ်ဆေးထုတ်ပေးနေသည်ကို တွေ့ရှိရတဲ့အတွက် ၎င်းစနစ် အရှိန်အဟုန်မြင့် အကောင်အထည်ပေါ်လာစေရေး လယ်ယာမြေများအား စနစ်တကျ ပြုပြင်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများအား စနစ်တကျ ပို့ချပေးခြင်း၊ မြေဆွဲစစ်ဆေးမှု Soil Test ကို မြို့နယ်အဆင့်လောက်မှာ အချိန်မီစိစစ်ဆောင်ရွက်ပေးခြင်း၊ မြေအမျိုးအစားနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များအား စီမံချက်ဖြင့် ချထားပေးခြင်း၊ မြေလွတ်၊ မြေရိုင်းများ ဖော်ထုတ်ကာ ဒေသခံပြည်သူများအား

တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ နိုင်ငံတကာဈေးကွက်ရရှိအောင် ချိတ်ဆက်ဖော်ဆောင်ပေးခြင်း၊ နိုင်ငံတကာသို့ စိုက်ပျိုးမွေးမြူရေး ပညာတော်သင်များ စေလွှတ်ကာ လူ့အရင်းအမြစ်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခြင်း၊ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နဲ့အညီ အမီလိုက်နိုင်ရန်အတွက် လည်းကောင်း၊ မျိုးကောင်းမျိုးသန့်များကို အစဉ်တစိုက် ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ရန် လိုအပ်မှာဖြစ်ပါကြောင်း အကြံပြုလိုပါတယ်။

ဒုတိယအချက်အနေနဲ့ စိုက်ပျိုးနည်းစနစ်တွေ ဘယ်လောက်ပဲကောင်းကောင်း၊ အထွက်နှုန်းတွေ ဘယ်လောက်ပဲတိုးတိုး ထွက်ရှိလာတဲ့ ထုတ်ကုန်များကို စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့် အခက်အခဲမရှိစေပဲ ရောင်းချနိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရမှ ခိုင်မာသော ပြည်တွင်းပြည်ပ ဈေးကွက်ရရှိအောင်၊ သင့်တင့်မျှတသည့် ဈေးနှုန်းရရှိအောင် မည်သို့စီမံမည်၊ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရာတွင်လည်း အာမခံချက်ရှိအောင် ထုတ်လုပ်သူများအား ပံ့ပိုးကူညီမှု၊ အစီအမံများ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ဒါကြောင့် G.A.P စနစ်အရ စိုက်ပျိုးထုတ်လုပ်တတ်ပြီး ထွက်ရှိလာတဲ့ ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းဈေးကွက် ရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာန အစိုးရအဖွဲ့များမှ စနစ်တကျ စီမံဆောင်ရွက်သင့်ကြောင်း ဆွေးနွေးလိုပါတယ်။ ထို့အပြင် Power Point မှာတင်ပြထားသည့်အတိုင်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းကာ ဆက်လက် ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုဆွေးနွေးရင်း ကျွန်တော်၏ ဆွေးနွေးချက်အား နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စိုက်ပျိုးရောင်းချသူများ ရှောင်ကြဉ်ရမည့်အချက်များပြ မြင်ကွင်းပုံ (ဒ)



စိုက်ပျိုးရောင်းချသူများ ရှောင်ကြဉ်ရမည့်အချက်များပြ မြင်ကွင်းပုံ(ဒ-၁)




တပ်မတော်မှ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်မှု မြင်ကွင်းပုံ(ဒ-၂)



**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မင်းလှ၊ မိုးညို၊ အုတ်ဖို တို့ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ၁၆-၅-၂၀၁၈ ရက်နေ့က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဦးလှဆန်း တင်သွင်းသွားတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့နေရာမှာ Power Point အသုံးပြုခွင့်ပြုပါရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံလူဦးရေရဲ့ (၆၈.၅)ရာခိုင်နှုန်းသော ပြည်သူများဟာ ကျေးလက်ဒေသများမှာ နေပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး GDP ရဲ့ (၃၀)ရာခိုင်နှုန်းကို လယ်ယာ၊ သားငါးကဏ္ဍကနေ ရရှိပြီးတော့ အဲဒီထုတ်လုပ်မှုရဲ့ မူရင်းထုတ်လုပ်သူတွေကတော့ ကျေးလက်နေ တောင်သူလယ်သမားများပဲ ဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၃၄ ခုနှစ်မှာ ဆန်တန်ချိန် သန်းပေါင်း(၃.၄)သန်းကျော် တင်ပို့နိုင်ခဲ့ပြီးတော့ ကမ္ဘာ့ဆန်တင်ပို့မှုရဲ့ နံပါတ်(၁)နေရာကို ရရှိခဲ့ပါတယ်။ အခု လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၇၀)ပြည့် ၂၀၁၈ ခုနှစ်မှာလည်းပဲ အဲဒီစံချိန်လောက်ကို ရရှိနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ အပိုင်း(၃)ပိုင်းနဲ့ ပါဝင်ပြီးတော့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေ စားသုံးတဲ့နေရာမှာ ဘေးအန္တရာယ်ကင်းမှု (Food Safety )နှင့် စားနပ်ရိက္ခာဖူလုံမှု (Food Security) တို့အတွက် ဖြစ်ပါတယ်။ အဲဒီအတွက် တောင်သူလယ်သမားတွေကို G.A.P စနစ်နဲ့ စိုက်ပျိုးရန်နှင့် G.A.P စနစ်စိုက်ပျိုးရာမှာ အသိပညာ၊ နည်းပညာနဲ့ အထောက်အပံ့ အကူအညီတွေ ပေးဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ စားနပ်ရိက္ခာဆိုတာ ဆန်စပါးစတဲ့ သီးနှံများသာမက အသား၊ ငါးများလည်းပါဝင်သလို တောင်သူလယ်သမားဆိုတဲ့အဓိပ္ပာယ်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်တဲ့သူတွေပါ ပါတဲ့အတွက်ကြောင့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animals Husbandry Practice - G.A.H.P) ကောင်းမွန်သော ရေထွက်ပစ္စည်းမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice) စသည်တို့ကိုလည်း သက်ဆိုင်ရာဌာနများအနေနဲ့ ပံ့ပိုးကူညီပေးဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့ အဆိုအရ ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဒီ စိုက်ပျိုးရေးကျင့်စဉ်တစ်ခုလုပ်ဖို့အတွက် အကြမ်းအားဖြင့် ကျွန်တော်တို့ အချက်(၁၂)ချက် ပါဝင်ပါတယ်။ အဲဒါတွေကတော့ ကျွန်တော်တို့ စိုက်ပျိုးရေးလုပ်တဲ့အခါမှာ ကျွန်တော်တို့ မျိုးကောင်းမျိုးသန့် အထွက်ကောင်းတဲ့၊ အရည်အသွေးကောင်းတဲ့၊ မျိုးကောင်းမျိုးသန့်တွေ လုပ်တာတွေကနေပြီးတော့ ကျွန်တော်တို့ ဒီ နောက်ဆုံး(၁၂)အချက်မှာဆိုလို့ရှိရင် သီးနှံတွေကို ကျွန်တော်တို့ စနစ်တကျ ရိတ်သိမ်း၊ သိုလှောင်ပြီးတော့ စနစ်တကျ ထုတ်ပိုးတဲ့အဆင့်အထိ (၁၂)ချက်နဲ့ အလုပ်လုပ်ရပါတယ်။ တစ်ခါ ကျွန်တော်တို့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်မြင့်မားဖို့ဆိုရင်လည်း အဓိကသော့ချက်ကြီး (၅)ချက်ရှိပါတယ်။ အဲဒါတွေကတော့ ဈေးကောင်းတဲ့သီးနှံတွေကို ရွေးချယ်စိုက်ပျိုးခြင်းကနေပြီးတော့ ဈေးကွက်မှာ စိုက်ပျိုးတဲ့သီးနှံပေါ်မူတည်ပြီးတော့ စီးပွားရေးအရ တွက်ချေကိုက်အောင် ခိုင်မာတဲ့ဈေးကွက်ရရှိအောင် ဆောင်ရွက်ဖို့တွေလည်း လိုအပ်ပါတယ်။

နောက်တစ်ခါ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ Organic စိုက်ပျိုးရေးဆိုတာ အများသိနေတာက ဓာတ်မြေဩဇာမသုံးပဲနဲ့ သဘာဝမြေဩဇာတွေကို သုံးပြီးတော့ ပိုးသတ်ဆေး မသုံးတဲ့

နည်းလို့ပဲ သိကြပါတယ်။ တကယ်တော့ Organic စိုက်ပျိုးရေးဆိုတာက သဘာဝပတ်ဝန်းကျင်တွေကို မထိခိုက်စေဘဲနဲ့ စိုက်ပျိုးတဲ့နည်း၊ လူနဲ့ပတ်ဝန်းကျင်တွေကို အန္တရာယ်မရှိတဲ့ စိုက်ပျိုးတဲ့နည်း၊ အထွက်ကောင်းအောင် စိုက်ပျိုးတဲ့နည်းပဲ ဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ ကျွန်တော်တို့ သီးနှံတွေကို အကြွင်းကျန်အနေနဲ့ တိရစ္ဆာန်တွေရဲ့ ဒီအညစ်အကြေးတွေကို ကျွန်တော်တို့ အဆွေးဖြစ်အောင် လုပ်ပြီးတော့ အဲဒီကနေပြီး မြေသြဇာတွေ တစ်ဖန်ပြန်လည်ဖြစ်အောင် လုပ်တာဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ကျွန်တော်တို့ အချက်တွေကတော့ နံပါတ်(၂)အချက်အနေနဲ့ ကျွန်တော်တို့ ဒီ သီးနှံတွေကို ကျွန်တော်တို့ ထွန်ယက်စိုက်ပျိုးရာမှာ စနစ်တကျ ဒီ ထွန်ယက်ခြင်း၊ နံပါတ်(၃)အနေနဲ့က ကျွန်တော်တို့ သီးနှံတွေကို ကျွန်တော်တို့ အလှည့်အပြောင်းစိုက်ပျိုးခြင်း၊ ကျွန်တော်တို့ (Cross Rotation)လို့ ခေါ်ပါတယ်။ အဲဒီကနေပြီးတော့ သီးနှံတွေကို ကျွန်တော်တို့ မြေဆီလွှာကနေပြီးတော့ ကျွန်တော်တို့ အမိုးအကာတွေနဲ့ ဖုံးအုပ်ပေးခြင်း၊ ကျွန်တော်တို့ Mulching လို့ခေါ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ သစ်စိမ်းမြေသြဇာ Green Manure နဲ့ ကျွန်တော်တို့ ဒီ ပဲမျိုးနွယ်ဝင် သီးနှံတွေကို စိုက်ပျိုးပြီး အသုံးပြုတဲ့နည်းတွေ ပါဝင်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒေသအလိုက် ရာသီဥတုဒဏ်ကို ခံနိုင်တဲ့သီးနှံတွေ၊ ပိုးမွှားဒဏ်ခံနိုင်တဲ့သီးနှံတွေကို စိုက်ပျိုးရတယ်။ နောက်တစ်ခါ သီးနှံတွင်ကျရောက်တဲ့ သီးနှံတွေပိုးမွှားတွေ ကျရောက်တဲ့အခါမှာ သားရဲကောင်များနှင့် ကာကွယ်နှိမ်နင်းတာတွေ သီးနှံတွေကို ကျွန်တော်တို့ မျိုးစုံစိုက်ပျိုးတာနှင့် သဘာဝပိုးသတ်ဆေးတွေနဲ့ အသုံးပြုတာတွေ ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို G.A.P စနစ်နဲ့ စိုက်ပျိုးတယ်။ Organic စနစ်နဲ့ စိုက်ပျိုးခြင်းအားဖြင့် ကျွန်တော်တို့ G.A.P လက်မှတ်ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်တွင်း၊ ပြည်ပမှာ ဈေးကောင်းတွေရပြီး အလွယ်တကူရောင်းချနိုင်သလို ပတ်ဝန်းကျင်နှင့် ပြည်သူအတွက်လည်း အန္တရာယ်တွေကင်းမှာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အဆိုရှင်ရဲ့အဆိုအရ တောင်သူတွေကို ကျွန်တော်တို့ အသိပညာပေးတဲ့အခါမှာ စိုက်ပျိုးရေးထုတ်ကုန်တွေကို ထုတ်လုပ်တဲ့ နေရာတွေမှာတွေ့ရှိတဲ့ သုတေသနတွေ့ရှိချက်တွေ၊ ကျွန်တော်တို့ စိုက်ပျိုးရေးနည်းစနစ်တွေ၊ သွင်းအားစုတွေ၊ ကျွန်တော်တို့ ပိုးသတ်ဆေးတွေအကြောင်း၊ မြေသြဇာအကြောင်း၊ အဲဒီဟာတွေကို နောက် မျိုးစေ့တွေ၊ လယ်ယာသုံးပစ္စည်းကိရိယာတွေ၊ ဆေးဝါးအသုံးပြုပုံတွေကအစ နောက်ဆုံး စိုက်ပျိုးရေး ဘောဂဗေဒ အကြောင်းတွေကအစ ကျွန်တော်တို့ အသိပညာတွေ ပေးဖို့လိုအပ်ပါတယ်။

ဒါ့အပြင် တောင်သူလယ်သမားတွေနဲ့ ဆက်စပ်နေတဲ့ ဥပဒေတွေဖြစ်တဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးဥပဒေနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ လယ်ယာမြေဥပဒေ၊ ပိုးမွှားဥပဒေ၊ ဓာတ်မြေသြဇာဥပဒေ၊ အပင်ပိုးမွှားကာကွယ်ရေးဥပဒေ စတာတွေကိုလည်း ကျွန်တော်တို့ အသိပညာအခါအားလျော်စွာပေးဖို့ လိုအပ်ပါတယ်။ အခုအချိန်အခါမှာ ဆိုလို့ရှိရင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ရေးဆွဲနေကြောင်းသိရှိရပါတယ်။ နောက်တစ်ခါ တောင်သူလယ်သမားတွေကို ဘယ်လိုအထောက်အကူတွေ၊ အထောက်အပံ့တွေပေးမလဲဆိုလို့ရှိရင် တောင်သူလယ်သမားတွေကို ကျွန်တော်တို့ စိုက်ပျိုးရေးနည်းစနစ်တွေသာမက သွင်းအားစုတွေ၊ ချေးငွေတွေ၊ ဘဏ်ချေးငွေတွေပေါ့။ နောက် ဓာတ်မြေသြဇာတွေ၊ ရေရရှိရေးတွေ၊ လက်မှုလယ်ယာကနေ စက်မှုလယ်ယာသို့ ပြောင်းတဲ့ဟာတွေက ဒါတွေကစပြီးတော့ ကျွန်တော်တို့ အထောက်အပံ့ပေးရပါမယ်။ ထုတ်လုပ်ပုံစနစ်တွေ၊

Value Added ပစ္စည်းထုတ်လုပ်တာတွေအပြင် ပြည်တွင်းပြည်ပမှာ ဈေးကောင်းရရှိအောင် ဈေးကွက်တွေကိုလည်း ရှာဖွေပေးဖို့ အထောက်အကူတွေ၊ အကူအညီတွေပေးရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီလို G.A.P စနစ်နှင့်စိုက်ပျိုးဖို့အတွက် သက်ဆိုင်ရာ တောင်သူလယ်သမားနဲ့ ဆက်ဆံတဲ့ဌာနကြီးတွေ ရှိပါတယ်။ အဲဒီဌာနအနေနဲ့လည်းပဲ ပေါင်းစပ်ပြီးတော့ ဒီဌာနတွေက တောင်သူလယ်သမားတွေကို အကူအညီပေးဖို့လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တောင်သူလယ်သမားတွေကို နည်းပညာပေးတယ်ဆိုတာ ကျွန်တော်တို့ စိုက်ပျိုးရေးပညာရှင်တွေကို နည်းပညာပေးသလို ကျွန်တော်တို့ အသေးစိတ်သင်ကြားပေးလို့ မလွယ်ပါဘူး။ ဒါကြောင့်မို့လို့ ဒေသအလိုက် စိုက်ပျိုးတဲ့သီးနှံတွေအပေါ်မှာ မူတည်ပြီးတော့ လိုအပ်သလို ကျွန်တော်တို့ သင်ကြားပေးဖို့ ဖြစ်ပါတယ်။ ဥပမာ- စပါးဘယ်လိုစိုက်မယ်။ ဒီမြေဟာ ကြံစိုက်မှာလား။ ပြောင်း၊ ဆေး၊ ပဲအမျိုးမျိုး စိုက်မှာလား။ ဒါအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ပညာပေးရန်လိုအပ်ပါတယ်။ ကျွန်တော်တို့ နဝမတန်းတုန်းက သင်ခဲ့ကြသလို အတိုချုပ်အားဖြင့် မျိုးစနစ်မြေပိုးအထွက်တိုးဆိုပြီး ဒီ(၄)ချက်နဲ့ နောက် န.ဝ.တခေတ်မှာတော့ ကျွန်တော်တို့ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန် ရာသီမှန်အောင်စိုက်ဆိုပြီး ဒီလို စနစ်တွေနဲ့ လုပ်ပါတယ်။ ဘာပဲပြောပြော ခေတ်မီသိပ္ပံနည်းစနစ်တွေနဲ့ စိုက်ပျိုးတတ်အောင် နည်းပညာတွေပေးဖို့ လိုအပ်ပါတယ်။ ဥပမာ ကျွန်တော်တို့ စပါးမျိုးကောင်း၊ မျိုးသန့်ပေးမယ်ဆိုရင်လည်း ဒီလိုပါပဲ။

နောက်ဆုံးအနေနဲ့ ကျွန်တော်တင်ပြချင်တာကတော့ လာမယ့် ကျွန်တော့်တို့ ၂၀၂၀ - ၂၀၂၁ ခုနှစ်မှာ ဆန်တန် သန်းပေါင်း (၄) သန်းအထိ ရောင်းမှာဖြစ်တဲ့အတွက်ကြောင့် ဒီ ဥစ္စာကို ကျွန်တော်တို့ ပေးနိုင်ဖို့ဆိုလို့ရှိရင် အဆိုရှင်တင်ပြသွားတဲ့ G.A.P စနစ်နှင့်စိုက်ပျိုးရန် အလွန်သင့်တော်ပါကြောင်း ထောက်ခံရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသော့ချက်ကြီး(၅)ချက်ပြပုံ(ခ)

**စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသော့ချက်ကြီး (၅)ချက်**

(က)　ဈေးကောင်းရမည့် မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း။

(ခ)　သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း။

(ဂ)　စိုက်ပျိုးရေးအပါအဝင် သွင်းအားစု ဓါတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက် အချိုးကျ အသုံးပြုခြင်း။

(ဃ)　အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှု၊ ထုတ်လုပ်မှု၊ ကုန်ကျစရိတ်နှင့် ရောင်းဝယ်လွှဲပြောင်းကုန်ကျစရိတ်များ လျှော့နည်းသက်သာအောင် ဆောင်ရွက်ခြင်း။

(င)　ထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးအရ တွက်ခြေကိုက်ပြီး ခိုင်မာသော ဈေးကွက်ရ ရှိအောင် ဆောင်ရွက်ပေးခြင်း။

Organic စိုက်ပျိုးရေး သံသရာစက်ဝန်း၏ မြင်ကွင်းပုံ(ခ-၁)




Organic စိုက်ပျိုးရေးတွင် ပါဝင်သောလုပ်ငန်းစဉ်များပြပုံ(ခ-၂)




**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၂။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း ရဲ့ အဆိုနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဆွေးနွေး

တင်ပြပါမယ်။ အခုလို နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စားနပ်ရိက္ခာနှင့်စပ်လျဥ်းပြီး ဘေးကင်းလုံခြုံမှု Food Safety ရရှိရေး ရှေးရှုပြီး ဒီအဆိုကို တင်သွင်းတဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဆန်း ဒီအဆိုပေါ်မှာ ကောင်းမွန်တဲ့ အကြံပြုချက်များနှင့် အဖက်ဖက်က ဝိုင်းဝန်းဆွေးနွေးကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများကိုလည်းပဲ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာ ရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ မိမိဌာနရဲ့ အဓိကလုပ်ငန်းတာဝန်အဖြစ် နိုင်ငံအတွင်း အရည်အသွေး ပြည့်ဝပြီး ကောင်းမွန်တဲ့ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ဖို့ အတွက် G.A.P Protocol နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ခွင့်ပြုပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ G.A.P (Good Agriculture Practice) ဆိုတာကတော့ မြေပြင်စိုက်ပျိုးထုတ်လုပ်တာကနေ စားသုံးသူလက်ဝယ်ရောက် တဲ့အထိ ထုတ်လုပ်မှု ကွင်းဆက် Change တစ်လျှောက်လုံးမှာ စားသုံးသူတွေအတွက် အန္တရာယ် ဖြစ်စေတဲ့ ကူးစက်ညစ်ညမ်းမှုတွေ အနည်းဆုံးဖြစ်စေဖို့အတွက် လိုက်နာရမယ့်နည်းလမ်းတွေကို စုစည်းထားတဲ့ စံ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်မှုများ ဖြစ်ပါတယ်။

ဒီလို စီမံဆောင်ရွက်တဲ့နေရာမှာ မြန်မာ G.A.P Guide Line နည်းပညာလက်စွဲတွေကို (၁) အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ (၂) ထုတ်ကုန်အရည်အသွေး ပြည့်ဝရေးကဏ္ဍ၊ (၃) ပတ်ဝန်းကျင် ထိခိုက်လျော့နည်းစေရေးကဏ္ဍ၊ (၄) လုပ်သားများရဲ့ ကျန်းမာရေးနှင့် လူမှုဘဝ သာယာဝပြောရေးကဏ္ဍ ဆိုပြီးတော့ ကဏ္ဍ(၄)ရပ်အပေါ်မှာ မူတည်ရေးဆွဲပြုစု စီမံဆောင်ရွက်လျက်ရှိ ကြောင်းတင်ပြအပ်ပါတယ်။ G.A.P နှင့်ပတ်သက်လို့ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် စေဖို့အတွက် Public Awareness ရဖို့ အသိပေးကြေညာခြင်း အခမ်းအနားကို နေပြည်တော်မှာရှိတဲ့ Mann Myanmar Hotel မှာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ(၁၀)ရက်နေ့ကနေ ကျွန်တော်တို့ အားလုံး Announced လုပ်ခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အများဆုံးစားသုံးမှုသီးနှံနဲ့ ပြည်ပပို့ကုန်သီးနှံများဖြစ်ကြတဲ့ အဓိကသီးနှံ (၁၅)မျိုး အတွက်လည်းပဲ အစားအစာဘေးအန္တရာယ် ကင်းရှင်းစေဖို့ စိုက်ပျိုးရေးအလေ့အကျင့် ကောင်းများ G.A.P ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာအကူအညီများလည်း ပံ့ပိုးဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း G.A.P Inspector သင်တန်းတွေ၊ ဝန်ထမ်းတွေနှင့် တောင်သူ လယ်သမားလုပ်ငန်းရှင်များအတွက် G.A.P အခြေခံနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာ သင်တန်းတွေကို လည်းပဲ ပို့ချပေးလျက်ရှိပါတယ်။ ဒါ့အတူ G.A.P Inspection ကွင်းဆင်း စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးလက်ကမ်းစာစောင်များနှင့် G.A.P Pamphlet လက်ကမ်း စာစောင်တွေ၊ G.A.P Guide Line စာအုပ်တွေကိုလည်းပဲ ဖြန့်ဝေဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်အချို့မှာလည်း G.A.P ဆိုင်ရာ စိုက်နည်းစနစ် လိုက်နာကျင့်သုံး ခြင်းအားဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိတဲ့ စိုက်ခင်းများကိုလည်း တွေ့ရှိနေရပြီဖြစ်ပါတယ်။ လက်ရှိ

အနေအထားမှာ G.A.P Certificate အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းကို သရက်၊ ခရမ်းချဉ်၊ ကော်ဖီ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် နှမ်းသီးနှံတွေအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ အတွင်းမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ G.A.P အသိအမှတ်ပြု လက်မှတ် Certificate (၇၃)စောင်ကို စိစစ်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ တောင်သူလယ်သမားတွေ၊ ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီတွေနဲ့ စိုက်ပျိုးရေးဝါသနာရှင်တွေအလွယ်တကူ လေ့လာနိုင်ဖို့အတွက်လည်းပဲ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ ပညာပေးစာစောင်၊ စာအုပ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ G.A.P ကျင့်စဉ်တွေကို မိမိတို့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ Website နှင့် Facebook Page တွေမှာ ဝင်ရောက်ကြည့်ရှုနိုင်ရန်လည်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် Call Centre မှာလည်း ဖွင့်လှစ်ပြီးတော့ ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ထားမှု ရှိပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ G.A.P စနစ်ကို ပညာပေးဆောင်ရွက်ရာမှာ လက်ရှိ ဆောင်ရွက်နိုင်မှု အခြေအနေအပေါ်မှာ မူတည်ပြီး လတ်တလော အကျိုးဖြစ်ထွန်းနိုင်မယ့် ပြည်ပပို့ကုန် သီးနှံနဲ့ စားသုံးသူ အခြေပြုသီးနှံတွေကို ရွေးချယ်ပြီးဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးသီးနှံအားလုံး G.A.P စနစ်နဲ့ တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်ရန်ဆိုတဲ့ အတိုင်းအတာဟာ လက်ရှိအချိန်နဲ့စာရင် ကျယ်ပြန့်တဲ့ အခြေအနေဖြစ်တဲ့အတွက် လုပ်ငန်းအစီအမံတွေကို အဆင့်အလိုက် Face by Face တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ဆောင်ရွက်သွားမှ ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဌာနမှာ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ဝန်ထမ်းများရဲ့ တတ်ကျွမ်းမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အပိုင်းတွေကို လေ့ကျင့်ဖြည့်ဆည်းပေးရမယ့် အခြေအနေများ ရှိနေပါသေးတယ်။

ဒီစနစ်တွေကို လက်ခံကျင့်သုံးကြမယ့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတွေ၊ လုပ်ငန်းရှင်များ အနေနဲ့ကလည်းပဲ ဒီနည်းစနစ်တွေကို နားလည်သဘောပေါက်လက်ခံပြီး လိုက်နာကျင့်သုံးဖို့လည်း အရေးကြီးပါတယ်။ ဒါ့အပြင် ဌာနအနေနဲ့ စမ်းသပ်စစ်ဆေးမှုဆိုင်ရာ အထောက်အကူပစ္စည်းကိရိယာများ Facility များ ထပ်မံဖြည့်ဆည်းနိုင်ဖို့အတွက်လည်း မိမိတို့မှာရှိတဲ့ ဘဏ္ဍာငွေကြေးပိုင်း Financial အပိုင်း အကန့်အသတ်များလည်းရှိနေသေးတဲ့အတွက် လက်ရှိဆောင်ရွက်နေမှုအပေါ်မှာ တစ်မဟုတ်ခြင်း ကျယ်ပြန့်စွာဆောင်ရွက်ခြင်းနှင့် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ အခြေခိုင်မာစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ဖို့အတွက် အခြေအနေရှိနေဆဲ ဖြစ်ပါတယ်။

Good Agriculture Practice ခေါ်တဲ့ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဟာ လက်ရှိဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံနှိုင်းယှဉ်ရင် G.A.P ကွာဟချက်ကလည်း ရှိနေဆဲ ဖြစ်ပါတယ်။ သို့ဖြစ်သော်ငြားလည်းပဲ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ရှိရင်းစွဲအရင်းအမြစ်တွေကို အသုံးချပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရွာအုပ်စု၊ ကျေးရွာအဆင့်အထိ G.A.P စနစ်ကို စိုက်ပျိုး ထုတ်လုပ်သူတွေ၊ ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေ သိရှိနားလည် လက်ခံကျင့်သုံးနိုင်ရေး အမြင်သဘောပေါက် Awareness ရဖို့အတွက် ပညာပေးလုပ်ငန်းများကို အဆင့်အလိုက် အခြေခိုင်မာအောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီလိုဆောင်ရွက်နေမှု အချိန်အခါနှင့်လည်း ကိုက်ညီမှုရှိတဲ့ အနေအထားမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုဟာ မိမိတို့လုပ်ငန်းအပေါ် အားဖြည့်

ပေးတဲ့ အဆိုတစ်ရပ်ဖြစ်နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ရဲ့ အဆိုအပေါ် မိမိ ဝန်ကြီးဌာနမှ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice)နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆန္ဒမဲ ပေးလိုလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ရမှာဖြစ်ပြီး အဆိုကို အတည်ပြုရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ဆန္ဒမဲ ပေးလိုလျှင် အနီရောင်ခလုတ်ကို နှိပ်ရမှာဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုကိုအတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၈၆ )မဲ၊ ကန့်ကွက်မဲ (၁)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးလှဆန်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]